
ဘာသာပြန် စာရေးဆရာ - 8Black Hands
သက်တန့်ရောင်မိန်းမပျို
(ယွီရှောင်ချောင်း)
(Chapter 505 - 518)
စာစဥ် - ၃၇

# အပိုင်း ၅၀၅
# ငွေ့ရည်ဖွဲ့မှတ်

ကိုယ့်အသားကင်ချောင်းကို ကိုင်ပြီး ကင်ရတာက မိန်းမပျိုလေးတွေအတွက် စိတ်ဝင်စားစရာ ကောင်းပြီး ပျော်ဖို့ ကောင်းနေသည်။ စစ ကင်ချင်းမှာ သူတို့တွေ အလွန် တက်ကြွနေကြသည်။ သို့သော်လည်း အကြိမ်အနည်းငယ်လောက် စမ်းကင်ကြည့်ကြပြီးတဲ့နောက် သူတို့ကင်တဲ့အသားတွေက အကျက်လွန်သွားတာ မဟုတ်ရင် မကျက်တာမျိုးတွေ ဖြစ်နေတာကို သိလိုက်ရသည်။ နောက်ပြီး အကင်တွေက ငန်ရင်ငန် မငန်ရင် အရသာမှုန့်တွေက မနှံ့။ ချက်ပြုတ်ရေးပိုင်းမှာ ပါရမီ မပါကြတာကိုတော့ သူတို့အားလုံး ဝန်ခံကြရလိမ့်မည်။ ဒါကြောင့် အစားအသောက်တွေ ချက်ပြုတ်ပြီးစီးတာကို စောင့်ဆိုင်းဖို့ရန်အတွက် မြက်ခင်းနားနေဆောင်မှာသာ ငြိမ်ငြိမ်လေး ထိုင်နေလိုက်ကြတော့သည်။

ဒါပေမဲ့ လူကြိုက်အများဆုံး အသားကင်များက ရှောင်ချောင်းကိုယ်တိုင်ကင်ထားတာပင်။ သူမ အရင်ဘဝတုန်းက ညဈေးတန်းက အသားကင်ဆိုင်တစ်ခုမှာ အလုပ်လုပ်ခဲ့တာကြောင့် အသားကင်တဲ့ နေရာမှာ လုံးဝကျွမ်းကျင်အဆင့်ပင်။ အေးတိအေးစက် ဘာသိဘာသာ နေတတ်တဲ့ ယွမ်ရှုယ်ယန်တောင်မှ ရှောင်ချောင်းကင်တဲ့ အသားကင်ကို စားရဖို့အတွက်တော်ဝင်မင်းသမီးမင်လန်နဲ့ စမန်ခုတ်နေတော့၏။

လီဟောက်မင်နဲ့ လီဟောက်ယွီတို့ ကောင်လေးနှစ်ယောက်ကတော့ အသားကင်ပြီးတာကို စောင့်ဖို့အတွက် ရှောင်ချောင်းဘေးက အကင်တန်းနားမှာ သနားစဖွယ်ပုံလေးတွေနဲ့ ရပ်နေကြသည်။ နင်းသုန့်လန်မှာလည်း အပြင်ပန်းကသာ အမတတစ်ပါးလို အေးဆေးတည်ငြိမ်နေပေမယ့် တကယ်တမ်း ထိုအေးဆေး တည်ငြိမ်တဲ့ ပုံစံနောက်ကွယ်မှာ သူ့ရဲ့ အစားကြူးတဲ့ သရုပ်မှန်ကို ဖွက်ထားတာပင်။ သူက အကင်စားရဖို့အတွက် ခုနှစ်နှစ်သား လီဟောက်မင်နဲ့တောင် ရန်ဖြစ်ခဲ့သေးသည်။ ယခင်က သူ့အပေါ် ရှောင်ချောင်းမြင်ခဲ့တဲ့ နူးညံ့သိမ်မွေ့တဲ့ ပုံရိပ်လေးက ချက်ချင်းပင် အစိတ်စိတ်အမွှာအမွှာ ကွဲကြေသွားရတော့၏။

တစ်ဖက်မှာတော့ လုဟောင်က အကင်ကင်ရာမှာ ကျွမ်းကျင်တယ် ဆိုရမည်။ သူပြောတာတော့ အရင်က အနောက်တောင်ပိုင်းမှာ စစ်စခန်းချတုန်းက တောထဲမှာ အမဲလိုက်ရင်း အချိန်တော်တော်များများကို ကုန်ဆုံးခဲ့ပြီး တစ်ဆက်တည်းမှာပဲ အသားဘယ်လိုကင်ရမလဲ ဆိုတာကိုပါ သင်ယူခဲ့တာကြောင့်ဟု ဆိုသည်။ သူကင်တဲ့ အသားကင်တွေက ရှောင်ချောင်းကင်တာနဲ့တော့ အရသာ မတူပေမယ့် သူ့အရသာနဲ့သူ အတော် ကောင်းသည်။ ဒါကြောင့် ရှောင်ချောင်းကင်တာကို မစောင့်နိုင်တဲ့သူတွေက သူကင်တာတွေကို အရင်စားနှင့်ကြသည်။

နင်းသုန်ဟွမ်းကတော့ အကင်တွေ စကင်ကတည်းက ပျောက်သွားပြီး တစ်ဦးတစ်ယောက်မှ ဒီတစ်ခါ သူဘာကို စိတ်ဝင်စားနေမှန်း မသိကြ။

သိပ်မကြာခင်မှာပဲ လျို့ဝှက်ရသာမှုန့်တွေနဲ့ ကင်ထားတဲ့ ဆိတ်ရိုင်း ကောင်လုံးကင်က ကင်လို့ ပြီးသွားတော့သည်။ ကျူးကျွင်းယန်က ဘာတစ်ခွန်းမှမဆိုဘဲ အသားကင်တစ်ပန်းကန်အား လှီးဖြတ်လိုက်ပြီး ကျန်နေသေးတဲ့ ဆိတ်ခြေထောက်ကင်တစ်ချောင်းအား ဖဲ့လိုက်ကာ ရှောင်ချောင်းရှေ့သို့ ပို့

ပေးလိုက်သည်။ သူ ဆိတ်သားကင်ကို စောင့်ကြည့်နေတုန်းက သူ့ကောင်မလေးဟာ အခြားသူတွေအတွက် ချက်ပြုတ်ပေးနေရင်း အလုပ်ရှုပ်နေပြီး သိပ်မစားရသေးတာကို သေချာ သတိပြုမိလိုက်သည်။ ထို့ကြောင့် ကောင်မလေးကို အလွန် ဂရုစိုက်တတ်တဲ့ ကျူးကျွင်းယန်ဟာ ရှောင်ချောင်းလက်ထဲမှ အကင်တံစို့တွေကို လက်လွှဲယူလိုက်ပြီး သူမလေး အစားစားဖို့အတွက် အချိန်အနည်းငယ် ဖန်ပေးလိုက်သည်။

ဒါကို ဟယ်ဝမ်နင် မြင်သွားတော့ ချက်ချင်းပဲ လှမ်းငေါ်၏။

"တော်ဝင်မင်းသားယန် နင်က ငါ့အစ်ကိုဝမ်းကွဲတော့ ဟုတ်ပါသေးတယ်နော်? ဆိတ်သားကင်လို့ ပြီးသွားတာကို ငါ့ကျ ခေါင်းပိုင်းလေးတောင် ထည့်မပေးဘူး နေနိုင်ချက်! ဒါ နင့်ညီမနင် စောင့်ရှောက်တဲ့ ပုံစံလား? ညီမလေးရှောင်ချောင်းတစ်ယောက်ပဲ ဂရုစိုက်စရာလို့ နင့်မျက်လုံးထဲ မြင်နေတော့တာလားဟယ်?"

ကျူးကျွင်ယန် က သူမကို တည်တည်ငြိမ်ငြိမ်ဖြင့် စိုက်ကြည့်ပြီး အေးစက်စွာ ပြန်ပြောလာသည်။

"နင့်မှာ ခြေတွေလက်တွေ ရှိနေတာပဲ ကိုယ့်ဘာသာ ထည့်မစားတတ်ဘူးလား? နင်က နင့်အလိုဆန္ဒ ပြည့်ဖို့ပဲ သိပြီး သူများတွေကို နင့်အတွက် အလုပ်လုပ် ပေးခိုင်းနေတာလေ... နင်က ခြေလက် မသန်စွမ်းတဲ့သူလား"

"ကျွတ် ကျွတ်... ညီမလေးရှောင်ချောင်းမှာလည်း ခြေတွေ လက်တွေရှိပါတယ်နော်!"

ဟယ်ဝမ်နင်က လှစ်ကနဲ ထလာပြီး အသားကင်တစ်ပိုင်းကို ယူဖို့ လက်လှမ်းလိုက်သည်။

ကျူးကျွင်းယန် သူမလက်တွေကို ရှောင်ဖယ်ဖို့ ကိုယ်ကို အနည်းငယ်

လှည့်လိုက်ရင်း အေးစက်စွာ ပြောလာသည်။

"ရှောင်ချောင်းက နင့်အတွက် အသားကင်ပေးဖို့ သူ့လက်တွေကို သုံးပေးနေရတာ မဟုတ်ဘူးလား နောက်ပြီး သူလုပ်ပေးထားတဲ့ အသားတွေကိုလည်း လုံလုံလောက်လောက် စားပြီးပြီ မဟုတ်ဘူးလား သူ့မှာ တစ်ချိန်လုံး အလုပ်ရှုပ်နေလို့ ဘာမှတောင် မစားရသေးဘူး... အဲ့တော့ ငါက သူစားဖို့ ယူပေးတာ ဘာဖြစ်နေလို့လဲ?"

"အမလေး... တအားတွေ ဂရုစိုက်ပေးနေလိုက်တာ! ကျွတ် ကျွတ် ကျွတ်..."

ဟယ်ဝမ်နင်က ရွှတ်နောက်နောက်ဖြင့် လှမ်းကြည့်လိုက်သည်။ သူတို့စကားကို ကြားပြီး ရှောင်ချောင်းတစ်ယောက် ရှက်သွေးများ ဖြာနေလေမလား ဆိုတာ သိချင်မိသည်။

သို့ပေမဲ့လည်း သူမ ထင်ထားတာနဲ့ လက်တွေ့က ထပ်တူမကျနေခဲ့။ ဘာလို့ ယွီရှောင်ချောင်း ဘာမှ မဖြစ်သွားရတာလဲ? ဒါတွေက သူမအတွက် အသေးအဖွဲ သာသာပဲလား? ယွီရှောင်ချောင်း ပြောင်းလဲမှု တစ်စုံတစ်ရာ မရှိပါဘဲ အစားအစာပန်းကန်အား ဝမ်းသာအားရ ယူလိုက်သည်။ ထို့အပြင်လည်း သူမက တောဆိတ်သားကင်ကို မေးငေါ့ပြပြီး တစ်ဖက်မိန်းကလေးအား သတိပေးလိုက်သည်။

"အစ်မဟယ်, အချိန်ဆွဲနေရင် အရိုးတောင် ကျန်လိုက်မှာ မဟုတ်ဘူးနော်! ဒီတောဆိတ်က အိမ်မွေးဆိတ်တွေထက် ပိုအရသာရှိတယ်!"

ဟယ်ဝမ်နင် အကဲခတ်လိုက်သော် အားလုံးက ဆိတ်သားကင်ပတ်လည်၌ စုဝေးနေတာကို မြင်လိုက်ရသည်။ အသားဖက်တွေကို ချက်ချင်းပဲ လှီးဖြတ်သွားကြပြီး မျက်စိတစ်မှိတ် အတွင်းမှာပဲ လျော့ကုန်ကြသည်။ သူမ အံ့အားတကြီး ထပြောလိုက်သည်။

"ချိုးလု, မြန်မြန် ငါ့အတွက် အသားကင်တစ်ပန်းကန် သွားယူခဲ့! အခု ချက်ချင်းနော်!"

ဆိတ်သားကင်တစ်ခုလုံးကို ရှောင်ချောင်းဖန်တီးထားတဲ့ လျှို့ဝှက်ဟင်းခတ်အမွှေးအကြိုင်နဲ့ နှပ်ထားတာ ဖြစ်သည်။ မီးအပူကိုလည်း ကောင်းကောင်းထိန်းထားနိုင်တာမို့ ဆိတ်သားရဲ့ အပြင်သားက ရွှေရောင်သမ်းကာ ကြွပ်ရွနေပြီး အတွင်းသားက နူးညံ့ကာ အိစက်နေသည်။ မွှေးပျံ့လှတဲ့ ဆိတ်သားကင်ရနံ့က အယောက်တိုင်းရဲ့ နှာဖျားကို လာရောက်ထိခက်ပြီး အားလုံးကလည်း အတိုင်းအဆမရှိ ချီကျူးနေကြတော့သည်။ ဟယ်ဝမ်နင်မှ ကြားဖြတ်ပြောလာသည်။

"ရှောင်ချောင်း, ဒီနှစ်ဆောင်းဦးရာသီမှာ ဧကရာဇ်က ဝေ့ချန်တိုင်းပြည်ဘက် အမဲလိုက်ထွက်ဖို့ ရှိတယ်လို့ အစ်မ ကြားထားတယ်... အဲ့ချိန်ကျရင် ညီမပါ လိုက်ခဲ့သင့်တယ်... ဒါဆို အစ်မတို့ တောဆိတ်တွေ ဖမ်းမိတာနဲ့ ကင်စားလို့ရပြီ!"

"ဝေ့ချန်တိုင်းပြည်မှာ ဆောင်းဦးအမဲလိုက် ထွက်မယ်? အဲ့ဒီကို သွားခွင့်ရှိတဲ့သူတွေက ရာထူးအတိုင်းအတာ တစ်ခုအထိ ရှိထားရမယ်မလား? ကျွန်မက အခုမှ ဆင့္ဌမအဆင့် အရာရှိငယ်ပဲ ရှိသေးတာပါ... ဘယ်လိုလုပ်ပြီး သွားခွင့်ရဖို့ အရည်အချင်း ပြည့်မီမှာလဲ?"

ယွီရှောင်ချောင်းလည်း တော်ဝင်အမဲလိုက်ထွက်တာက ဘယ်လိုအတွေ့အကြုံမျိုးလဲဆိုတာ ခံစားဖူးချင်မိသည်။ သို့ပေမဲ့ လူအချို့သာ လိုက်ခွင့်ရှိနိုင်မှန်း သူမသိထားသည်။

ဟယ်ဝမ်နင်က သူမရဲ့ ကြီးမားလုံးဝိုင်းသော မျက်လုံးများအား ပေကလပ်ပေကလပ်လုပ်လိုက်ပြီး တော်ဝင်မင်းသားယန်ဘက်သို့ ဒွိဟဖြစ်နေတဲ့ အကြည့်များ ထုတ်လွှတ်လိုက်သည်။ သူမနှုတ်ခမ်းတွေကို စုဝိုင်းလိုက်ပြီး

လူမိုက်ဆန်ဆန် အပြုံးတစ်ခုကလည်း သူမနှုတ်ခမ်းပါးထက် ပေါ်ထွက်လို့လာသည်။

"မင်းက အရည်အချင်း မပြည့်မီသေးဘူးဆိုပေမယ့် တချို့သောလူတစ်ယောက်ကတော့ အရည်အချင်း မပြည့်မီဘူးလို့ မဆိုလိုဘူးလေ... အား! ငါ့ရဲ့ ဝမ်းကွဲအစ်ကိုတော်က ဧကရာဇ်ရဲ့ အထူးမျက်နှာသာပေးကို ခံထားရတာ... သူသာ မင်းကို ခေါ်လာဖို့ တောင်းဆိုလိုက်ရင် ဒါက ပြဿနာတစ်ခုတောင် မဟုတ်တော့ဘူး"

ယွီရှောင်ချောင်းက ရယ်ရင်း ခေါင်းယမ်းလိုက်သည်

"နောက်ကျမှ ထပ်ဆွေးနွေးတာပေါ့။ ဆောင်းဦးရာသီ အမဲလိုက်ပွဲရောက်ဖို့ တော်တော်တောင် လိုသေးတယ် မဟုတ်လား"

"ကောင်းပြီ...အမဲလိုက်ပွဲဆီ နင်ပါ လာနိုင်ရင်ကောင်းမယ်။ တခြားဟာတွေထက် နင့်သာ ဖြူလုံးလေးနဲ့ မဲလုံးလေးတို့ကို ခေါ်လာခဲ့ရင် အမဲလိုက်တဲ့ နေရာမှာ ရလဒ်တော့ သေချာပေါက် ကောင်းပြီပဲ။ ဧကရာဇ်ကတောင် ဆုချရင် ချနေဦးမှာ!"

ဟယ်ဝမ်နင်က မြို့တော်မှ တခြားသခင်မလေးတွေနဲ့ယှဉ်ရင် မြင်းစီးကျွမ်းကျင်တယ်လို့ ဆိုနိုင်ပေမယ့် စစ်ဘက်မိသားစုမှ သခင်လေးတွေနဲ့ယှဉ်ရင်တော့ သူမရဲ့ အရည်အချင်းက အထင်ကြီးစရာ မကောင်းပေ။ သူမ ထိုအကြောင်းကို တွေးထားကြည့်ပြီးပြီ။ ရှောင်ချောင်းသာ အမဲလိုက်ပွဲထဲ ပါဝင်ပြီး အဆင့်တစ်ခု ရလိုက်နိုင်မယ်ဆိုရင် အဲ့ဒီမောက်မာတဲ့ သခင်လေးတွေ သေလောက်အောင် ဒေါကန်သွားကြမှာပင်။ ဘယ်လောက်တောင် ပျော်ဖို့ကောင်းလိုက်လဲ!

"သိပ်အများကြီး လျှောက်တွေးမနေနဲ့။ ဆောင်ဦးရာသီအမဲလိုက်ပွဲက ကိုယ်ပိုင်အရည်အချင်းနဲ့ ပြိုင်ရတဲ့ပွဲ။ ပြိုင်ပွဲတစ်လျှောက်လုံး ဖြူလုံးလေးနဲ့

မဲလုံးလေးကိုပဲ မှီခိုနေရင် တခြားပြိုင်ပွဲဝင်တွေက အနိုင်ပေးဖို့ လက်ခံမှာ မဟုတ်ဘူး။ ပြောရရင် အမဲလိုက်ခွေးတွေ ယူလို့ရချင်မှတောင် ရမှာ!"

ယွီရှောင်ချောင်းကတော့ ဟယ်ဝမ်နင်တစ်ယောက် အကြံကြီးလွန်းနေပြီ ဟုသာ ခံစားလိုက်မိသည်။

ဟယ်ဝမ်နင်က တခစ်ခစ် ရယ်လိုက်ပြီး ပြောလာသည်

"ဘယ်သူသိမှာလဲ ငါတို့ ယူသွားလို့ရရင် ရမှာပေါ့ ဒါက မင်မင်းဆက်ရဲ့ ပထမဆုံး ဆောင်းဦးရာသီ အမဲလိုက်ပွဲလေ ငါတို့အတွက် အသက်ရှူပေါက်လေးတော့ ရှိလောက်မှာပါ ဘယ်လိုပဲဖြစ်ဖြစ် အရင်ဆုံး နင့်ကို သွားခွင့်ပြုအောင် လုပ်ရမယ်။ တော်ဝင်မင်းသားယန် မကူညီပေးချင်ဘူးဆိုရင်လည်း ငါ့အဖွားကို ဧကရာဇ်ဟောင်းဆီ လျှောက်တင်ပေးဖို့ ပြောလိုက်မယ်။ ဧကရာဇ်ဟောင်းသာ လက်ခံရင် ဧကရာဇ်လည်း သူ့မျက်နှာထောက်ပြီး ငြင်းမှာမဟုတ်ဘူး"

သူတို့နှစ်ယောက် အမျှင်မပြတ် ပြောနေကြစဉ်မှာပဲ စိတ်မချမ်းမြေ့ဖွယ် အော်သံတစ်ခုကြောင့် လန့်ဖျပ်သွားကြရသည်။ အဲ့ဒီနောက် တစ်စုံတစ်ယောက် အကူအညီ အော်ဟစ်တောင်းခံနေသံကို အဝေးကနေ ပိုးတိုးဝါးတား ကြားလိုက်ရသည်။ ဟယ်ဝမ်နင်က စကားပြောတာရပ်ပြီး နှစ်ဦးသား ဂရုတစိုက် နားထောင်ကြည့်တော့ အသံက ထူးထူးဆန်းဆန်း ရင်းနှီးနေတာကို သတိထားမိသွားသည်။

"ဒါ တတိယသခင်လေးနင်းရဲ့ အသံပဲ!"

ကျူးကျွင်းယန်ကလည်း ရှောင်ချောင်းနား လျှောက်လာပြီး အသံလာရာဆီသို့ အသင့်အနေအထားနှင့် ကြည့်နေလိုက်သည်။ တွေးကြည့်တော့မှ သူတို့တွေ နင်းသုန့်ဟွမ်းကို မတွေ့တာ နှစ်နာရီလောက်တောင် ရှိပြီမှန်း သတိပြုမိလိုက်သည်။ အထိတ်တလန့်အော်နေတာဆိုတော့ ဒီကောင်

အန္တရာယ်နဲ့ ကြုံနေတာများလား။

နင်းသုန့်လန်က ပထမဆုံး အော်သံကို ကြားလိုက်ရတဲ့ အချိန်ကတည်းက အသံလာရာဆီသို့ တဟုန်ထိုး ပြေးသွားတော့သည်။ ကျူးကျွင်းယန်က ဤသည်ကို ကြည့်ပြီး မျက်ခုံးပင့်သွားရသည်။ ပညာရှင်ဆန်ပြီး ရည်ရည်မွန်မွန်ရှိတဲ့ ဒုတိယသခင်လေးနင်းက လျှို့ဝှက် ကျွမ်းကျင်ပညာရှင်တစ်ယောက် ဖြစ်နေလိမ့်မယ်လို့ သူ မထင်ထားမိခဲ့။ သိုင်းပညာသာ မတတ်ကျွမ်းထားရင် အခုလို ကိုယ်ဟန်အနေအထားနဲ့ အမြန်နှုန်း ရှိနေမှာ မဟုတ်ပေ။ အော်သံကို ဆက်တိုက်ကြားနေရပြီး မကြာခင်မှာပဲ အနီးအနား ခြုံတောထဲကနေ လူတစ်ယောက် ထွက်ပေါ်လာသည်။ ထိုလူရဲ့ နောက်မှာတော့ အကောင်ကြီး နှစ်ကောင် ရှိနေသည်။ ဖြူလုံးလေးနဲ့ မဲလုံးလေးတို့ပင်!

"ကယ်ကြပါဦး! ကယ်ကြပါဦးဗျို့! ဒုတိယအစ်ကို, ကျွန်တော့်ကို မြန်မြန်ကယ်ပါ!!"

နင်းသုန့်ဟွမ်းက နင်းသုန့်လန် အပြေးလာနေတာကို မြင်တော့ သူ့ရဲ့ကယ်တယ်ရှင်ကို တွေ့လိုက်သလိုမျိုး ခံစားလိုက်ရပြီး သူ့ခြေလှမ်းတွေကို သူ့အစ်ကိုကြီး ရှိရာဆီသို့ အရှိန်မြှင့်လိုက်တော့သည်။

နင်းသုန့်လန်က သူ့ညီရဲ့ အဝတ်အစားတွေ စုတ်ပြဲပြီး ကျွတ်ထွက်နေတာကို သတိပြုမိလိုက်သည်။ သို့ပေမယ့်လည်း သူ့ညီရဲ့ ခန္ဓာကိုယ်ပေါ်မှာတော့ ဒဏ်ရာအနာတရာ သိပ်အများကြီး ရှိမနေချေ။ သူက သနားကမားပုံစံလေး ပေါက်နေရုံသာ ဖြစ်သည်။ နင်းသုန့်ဟွမ်း ပြေးထွက်သွားသည်နှင့် သူ့နောက်မှာ ရှိနေတဲ့ မဲလုံးလေးက စစ်ကူရောက်လာပြီဆိုတာ သိလိုက်သည်။ မဲလုံးလေးက ဒီပြဿနာကောင်နဲ့ 'ကြောင်နဲ့ကြွက်ဂိမ်း' ဆော့ချင်သေးတာကြောင့် သူ့ 'သားကောင်'ကို သူ့လက်ကြီးတွေအောက် ဖိထားရန် ရှေ့သို့ ခုန်

အုပ်လိုက်သည်။ သူက သူ့ရဲ့ချွန်ထက်ဖြူဖွေးတဲ့ သွားတွေကို ဖြဲပြကာ လူငယ်လေးရဲ့ လည်ပင်းကို အချိန်မရွေး ကိုက်ပစ်လိုက်နိုင်သလို သရုပ်ပြလိုက်သည်။

နင်းသုန့်လန်က ဒါကိုမြင်တော့ မဲလုံးလေးရှိရာဆီသို့ သူ့ယပ်တောင်ကို အလျားလိုက် ဦးတည်ပစ်လိုက်ပြီး ရှေ့သို့ တဟုန်ထိုး တက်လာခဲ့သည်။ ဖြူလုံးလေးကလည်း သူ့ရဲ့လှုပ်ရှားမှုတွေကို ရိပ်စားမိပြီး သူ့ဆီသို့ အတင်း ပြေးဝင်သွားလိုက်သည်။ အဖြူရောင်ပုံရိပ်နှစ်ခုက လမ်းထက်ဝက်မှာတင် ထိပ်တိုက် ဆုံတွေ့ကြပြီး အမြင့်ဆုံး အရှိန်ဖြင့် စတင် တိုက်ခိုက်ကြတော့သည်။ အလွန် လျင်မြန်လွန်းလှသဖြင့် ဘယ်သူကလူ၊ ဘယ်သူက ဝံပုလွေဆိုတာပင် ခွဲခြား၍မရနိုင်တော့။

နင်းသုန့်လန်ရဲ့ သိုင်းပညာအရည်အချင်းတွေက အတော်လေးကောင်းမွန်နေပေမဲ့ ဖြူလုံးလေးရဲ့ လျင်မြန်မှုကလည်း အလွန် အံ့ဖွယ်ကောင်းလှသည်။ ထိုဝံပုလွေက လျှပ်စီးရဲ့ အမြန်နှုန်းနီးပါး လှုပ်ရှားပြီး တစ်ဖက်လူကို ဘာတန်ပြန်တိုက်ခိုက်ခွင့်မှ မပေးချေ။ နင်းသုန့်လန်က ရှောင်ချောင်းတို့အဖွဲ့နဲ့အတူ ပါလာခဲ့တာကြောင့် ဖြူလုံးလေးက သူ့အပေါ် အလျှော့ပေးထားတာပင်။ မဟုတ်ရင်တော့ ထိုလူငယ်လေးကို ကိုက်ဆွဲပြီးနေလောက်ပြီ။ အဲ့ဒီအစား နင်းသုန့်လန်ရဲ့ အဖြူရောင် အဝတ်အစားတွေသာ အပိုင်းအပိုင်း ပြဲကုန်ပြီး သူ့ပုံစံက အတော်လေး စုတ်ပြတ်သပ်သွားသည်။

မဲလုံးလေး တက်ဖိခြင်းကို ခံထားရတဲ့ နင်းသုန့်ဟွမ်းက သူ့လည်ပင်းနဲ့ တစ်လက်မလောက်သာ ကွာတော့တဲ့ ချွန်ထက်ထက် သွားဖြူတန်းတွေကို မြင်လိုက်ရသည်။ မဲလုံးလေးက အနည်းငယ် ညှီစို့စို့နံတဲ့ လေပူတွေကို မှုတ်ထုတ်နေသည်။ ထိုလေပူတွေက လူငယ်လေးရဲ့ လည်ပင်းကို ရိုက်ခတ်နေ

ပြီး သူ့ကို ပိုပြီးတော့တောင် ကြောက်ရွံ့သွားစေသည်။ နင်းသုန့်ဟွမ်းက အထိတ်တလန့်နဲ့ အော်ဟစ်လိုက်သည်။

"မိန်းကလေးယွီ, ကျွန်တော့်ကို ကယ်ပါဦး... မိန်းကလေးယွီ! ကျွန်တော် မှားပါတယ်! နောက် ဒီလိုမျိုး မလုပ်တော့ပါဘူး!"

မဲလုံးလေးက 'မိန်းကလေးယွီ'ဆိုတဲ့ အသံကို ကြားတဲ့အခါ သူ့ခေါင်းကို အနည်းငယ် မော့လိုက်ပြီး မေးခွန်းမေးချင်သလို ပုံစံလေးနဲ့ သူ့သခင်ဘက်ကို ကြည့်လိုက်သည်။

'သခင်, မဲလုံးလေး ဒီလူဆိုးကောင်ကို သင်ခန်းစာပေးဖို့ တစ်ချက်လောက် ကိုက်လိုက်သင့်လား?'

မဲလုံးလေး ပေါ်လာကတည်းက သူတို့တွေ ဘာအန္တရာယ်မှ မရှိတာကို ကျူးကျွင်းယန် သိလိုက်တာကြောင့် မိန်းမပျိုလေးတွေ အနားကပ်လာတာကို မတားဆီးတော့ပေ။

ယွီရှောင်ချောင်းက အေးအေးလူလူပဲ လျှောက်သွားလိုက်သည်။ သူမက အရင်ဆုံး ဖြူလုံးလေးအား နင်းသုန့်လန်နှင့် မတိုက်ခိုက်တော့ဖို့ အမိန့်ပေးလိုက်ပြီးနောက် နင်းသုန့်ဟွမ်းရဲ့ အရှေ့မှာ ရပ်လိုက်သည်။ ခေါင်းအစ ခြေအဆုံး သူတောင်းစားအဝတ်အစားနှင့် ဖြစ်နေတာကို မြင်လိုက်ရတော့ ရယ်ချင်စိတ်ကို ထိန်းထားလိုက်ပြီး မဲလုံးလေးရဲ့ လည်ဂုတ်အား ပွတ်သပ်ပေးလိုက်ရင်း ညင်သာစွာ မေးမြန်းလိုက်သည်

"တတိယသခင်လေးနင်း၊ မဲလုံးလေးကို ရှင် ဘယ်လိုများ ရန်သွားစလိုက်ပါလိမ့် ရှင်က သူ့ကို ဒီလောက်ထိတောင် ရန်စနိုင်တယ်ဆိုတော့ တကယ်ကို အရည်အချင်းရှိတာပဲ"

နင်းသုန့်ဟွမ်းက မဲလုံးလေးရဲ့ ပါးစပ်ဟာ အခု သူနဲ့ တော်တော် ဝေးဝေး

မှာ ရှိနေတယ်ဆိုတာကို သတိပြုမိလိုက်ပြီး အန္တရာယ်ကင်းသွားပြီ ဖြစ်ကြောင်း ဆုံးဖြတ်လိုက်သည်။ သူက ခေါင်းမာစွာဖြင့် အခိုင်အမာ ဆိုလာ၏

"မင်းရဲ့ မဲလုံးလေးကို ငါက ဘယ်လိုများ ရန်စရဲမှာလဲ?! မင်းကသာ မင်းရဲ့ အမဲလိုက်ခွေးကို ကောင်းကောင်း လေ့ကျင့်ပေးမထားတာ မဟုတ်ဘူးလား! သူက တအားကို ဆိုးသွမ်းလွန်းတယ် ဒါကြောင့်လည်း ငါရဲ့ အာဏာရှင်လေးကို ကိုက်ပြီး ငါ့ကိုပါ ဒဏ်ရာရစေတာပေါ့!"

ယွီရှောင်ချောင်းက မျက်ခုံး ပင့်လိုက်ပြီး သူ့အား ခေါင်းအစခြေအဆုံး စစ်ဆေးလိုက်သည်။ သူ့အရေပြားပေါ်မှာ သစ်ပင်အချို့ ခြုံပုတ်အချို့နှင့် တိုးမိလာတာကြောင့် နီရဲနေတဲ့ နေရာအချို့ ရှိနေတာက လွဲပြီး ကျန်တဲ့ အရေပြားနေရာများက မထိမခိုက်ဘဲ ကောင်းကောင်းမွန်မွန် ရှိနေကာ ထိခိုက်ဒဏ်ရာ တစ်ခုတစ်လေမှ မရှိပေ။ သူမက ရယ်လိုက်ပြီး

"တတိယသခင်လေးနင်း မဲလုံးလေးသာ ရှင့်ကို ကိုက်ချင်တယ်ဆိုရင် ရှင် သူ့လက်က လွတ်ပြီး ချုံပုတ်တွေ ထဲကနေ ထွက်ပြေးလာနိုင်မယ်လို့ တကယ်ကြီး ထင်နေတာလား? ရှင့်ရဲ့ ဘယ်နေရာကများ... သူ့ကြောင့် ဒဏ်ရာရသွားလို့လဲ"

ရှောင်ချောင်းက သူ့အား စစ်ဆေးကြည့်ရှုနေတာကို တွေ့လိုက်ရတဲ့အခါ နင်းသုန့်ဟွမ်းက သတ္တိရှိရှိနဲ့ သူ့ကို ဖိထားတဲ့ အမဲရောင်ဝံပုလွေရဲ့ လက်တွေကို ဖယ်ထုတ်ပြီး ထထိုင်လိုက်သည်။ ရုတ်တရက် သူက သူ့ခန္ဓာကိုယ် အစိတ်အပိုင်းတွေကို သူမအား ပြသမိနေကြောင်း သိရှိသွားပြီး ရှက်ရွံ့စွာဖြင့် သူ့ကိုယ်သူ အလျင်စလို ဖုံးကွယ်လိုက်သည်။ သူက ရှက်ကိုးရှက်ကန်းဖြင့် အော်ဟစ်လာသည်

"မင်းဘာကြည့်နေတာလဲ မင်း ငါ့ခန္ဓာကိုယ် အစိတ်အပိုင်းတိုင်းကို မြင်ပြီး

ပြီဆိုတော့ တာဝန်ယူရတော့မှာနော်!!!"

ကျူးကျွင်းယန်က ကူကယ်ရာမဲ့နေတဲ့ လူငယ်လေးအား အေးစက်စက် အကြည့်တစ်ချက် ပစ်သွင်းလိုက်ပြီး တစ်ခုတည်းသော နေရာဆီသို့ သတိပေး အကြည့်တစ်ချက် ပေးလိုက်ကာ တည်တည်ငြိမ်ငြိမ် ပြောလိုက်သည်။

"ဘယ်သူ့ကို တာဝန်ယူခိုင်းစေချင်နေတာလဲ သူတို့က ဘယ်လိုများ တာဝန်ယူပေးရမှာလဲ မင်းရဲ့အတွေးတွေကို ငါတို့ကို ပြောကြည့်လိုက်လေ"

နင်းသုန့်ဟွမ်းက သူ့ခြေထောက်တွေကို အလျင်အမြန် ပူးကပ်လိုက်ပြီး သူ့ မျက်နှာပေါ်မှ အမူအရာကလည်း ချက်ချင်း ပြောင်းလဲသွားရသည်

"ဘာ... ဘာမှ မဟုတ်ပါဘူး! မိန်းမပျိုလေးတစ်ယောက်က လူတစ် ယောက်ကို ဒီလိုမျိုး စူးစမ်းကြည့်နေလို့ တကယ်ရော အဆင်ပြေရဲ့လားဆို တာ သိချင်ရုံပါ"

"အဲ့တော့ ဘာဖြစ်နေလို့လဲ ရှင်ကသာ ကျွန်မရှေ့မှာလာပြီး လှစ်ဟပြနေ တာဆိုတဲ့ အမှန်တရားကိုတောင် မပြောရသေးဘူးနော် ရှင်က ဒီကစားပွဲကို ကစားပြီး ကျွန်မကို အကျပ်ကိုင်ချင်နေမှတော့ ကျွန်မလည်း လိုက်လျော ပေးရမှာပေ့ါ မဲလုံးလေး... မင်းရဲ့ခွန်အားကို ပြလိုက်စမ်း!!"

ယွီရှောင်ချောင်းရဲ့ အသံက ဒေါသ အနည်းငယ်တောင် ပါဝင်မနေပေ။ ထို အစား သူမရဲ့ ကြီးမားမည်းနက်လှသော မျက်ဝန်းများ၌ ပျော်ရွှင်မှုများဖြင့် ပြည့်နေလေသည်။

***